## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ (၁၂-၆-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးကိုကိုသင်း၊ ကမာရွတ်မဲဆန္ဒနယ်က** အခြေခံလူထု စားသောက်ကုန်နှင့် ဆေးဝါးများအပေါ် သွင်းကုန်အခွန် လျှော့ချပေးရန်နှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေး ထိရောက်သော မူဝါဒမျိုးချမှတ်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက** ပြည်သူများ အခြေခံလိုအပ်သည့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးများနှင့် ကျန်းမာရေး၊ ပညာရေးစသည့် အခြေခံဝန်ဆောင်မှုတို့ကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **နန်းသန်းသန်းမွေး၊ မိုင်းကိုင်မဲဆန္ဒနယ်က** ရှမ်းပြည်နယ် စစ်ဘေးရှောင်များအတွက် ယာယီနေအိမ်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မှတ်ပုံတင်လျှောက်ရာတွင် ၎င်းတို့နေထိုင်ရာမြို့မှ ထောက်ခံစာများ ရယူပေးရန်နှင့် စပ်လျဉ်း၍ ကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက** ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် လတ်တလောတွင် နေအိမ်အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အလုပ်အကိုင်နှင့် နိုင်ငံသားစိစစ်ရေးကတ်များရရှိရေး အစိုးရ၏ ရက် ၁၀၀ စီမံကိန်းနှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးဝင်းမြင့်၊ တွံ့တေးမဲဆန္ဒနယ်က** မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ကောက်ခံသော အခွန်အခနှုန်းထားများသည် ခေတ်စနစ်အခြေအနေတို့နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သင့်တော်သည့် နှုန်းထားများဖြင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက** ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် လတ်တလောလိုအပ်ခြင်း ရှိ၊ မရှိသုံးသပ်လျက်ရှိပြီး အတည်ပြုပြဋ္ဌာန်းပြီးပါကလုပ်ထုံးလုပ်နည်းပါ အခကြေးငွေ၊ ဒဏ်ကြေးငွေများအား ပြင်ဆင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က** နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများအားပေါင်နှံခြင်း၊ အာမခံထားခြင်းတို့အား တရားမဝင်ကြောင်း၊ ကြေငြာချက်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက** နိုင်ငံတော်မှ ထုတ်ပေးထားသည့် မှတ်တမ်းအထောက်အထားများအား အလွဲသုံးစားပြုလုပ်၍ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ မသက်ဆိုင်သူများ တရားမဝင်သိမ်းဆည်းခြင်း ဆောင်ရွက်ခွင့်မရှိကြောင်းနှင့် အချက်အလက်နှင့်တကွ သတင်းပေးတိုင်ကြားနိုင်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဒေါက်တာငွေးဝင်း၊ အင်္ဂပူမဲဆန္ဒနယ်က** ညောင်ကျိုး- မဲဆယ်လီကုန်း ကျောက်ကြမ်းလမ်းအား ကျောက်ချောခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ၅.၀၄၈ မိုင် ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းနှင့် ပေ ၁၂၀ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု (သို့) တိုင်းဒေသကြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်က** ရန်ကုန် - ပြည်လမ်းမှ ထောက်ကြံ့ကွင်းကျေးရွာသို့ ရာသီမရွေးသွားလာအသုံးပြုနိုင်သည့် အမာခံလမ်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကျေးရွာများအကျိုးပြုနှုန်းအလိုက် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၇။ | **ဦးတင်မြင့်၊ ဒလမဲဆန္ဒနယ်က** ဒလမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၂၃)စုရှိ ကျေးရွာများမှ မြို့သို့ ဆက်သွယ်ထားသည့် လမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ကျေးရွာချင်းဆက် လမ်း/ တံတားများအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့နှင့် ပေါင်းစပ်၍ ကျေးလက်လမ်း ဖွံ့ဖြိုးရေး မဟာဗျူဟာအရ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်က** ကော့မှူးမြို့နယ်၊ ပုပ္ပါး ကျေးရွာအဝင်တံတားအား RC ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (သို့) တိုင်းဒေသကြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ကျေးရွာအကျိုးပြုနှုန်းအလိုက် ဦးစားပေးပြီး သံကူကွန်ကရစ် (RC)တံတား (၂၀ ပေ × ၁၄ ပေ) တည်ဆောက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **စိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်က** ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင် - ကျိုင်းခမ်းကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် မြေလမ်း ၅ ဖာလုံအား ကျောက်လမ်းခင်းခြင်း ဆောင်ရွက်ပြီး ကျန်ရှိလမ်းပိုင်းများအား ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းခင်းခြင်းကို ဘဏ္ဍာနှစ်အလိုက် လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၀။ | **ဦးကျော်သူရ၊ လက်ပံတန်းမဲဆန္ဒနယ်က** လက်ပံတန်းမြို့နယ်၊ သာရဝေါမှ ဟင်္သာတမြို့နယ်သို့ ကား- ရထား ကူးသန်းနိုင်မည့် မြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ငလျင်ဒဏ်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် တံတားများကို တည်ဆောက်ပြီးမှသာလျှင် တံတားအသစ်များ တည်ဆောက်ခြင်းလုပ်ငန်းကို ဦးစားပေးအလိုက် စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁။ | **ဒေါ်ဇာခြည်လွင်၊ မိုးညိုမဲဆန္ဒနယ်က** မိုးညိုမြို့နယ်၊ သက္ကယ်တန်းကျေးရွာ လက်ပံနှစ်ပင်နှင့် မြန်အောင်မြို့နယ်၊ ငပိဆိပ် ကျောက်စရစ်ကုန်းကြား ဧရာဝတီမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** လတ်တလော တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် တိုးတက်လာမည့် ခရီးသွား၊ ယာဉ်စီးရေတို့ကို မူတည်ပြီး စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကို လေ့လာသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၂။ | **ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်က** ဆင်သေ- ပင်လောင်း (မီးရထား) လမ်းဟောင်း မြေနေရာဖြစ်သည့် မြို့အဝင်တိုးဂိတ်အနီးမှ ရန်ကုန်-တောင်ငူ- မန္တလေးကားလမ်း (လမ်းဟောင်း) (၁၄) မိုင်သို့ တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်နိုင်ရေး ရေတို၊ ရေရှည် အစီအမံများ ချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** မြို့ရှောင်လမ်း ၂ လမ်း လျာထားပြီး မြေပြင်ကွင်းဆင်း၍ လမ်းအူကြောင်းရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ခြင်းများ ဆောင်ရွက်ပြီးအထိအခိုက်အနည်းဆုံးလမ်းကို ရွေးချယ်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် မှစ၍ ဖောက်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |